သောင်းဝေဦး

အမှတ်တရတိုက်ပွဲများအမှတ် (၁၄)

# ၁၉၄၉ ခုနှစ်ကာလသမိုင်းဝင်

# အင်းစိန်တိုက်ပွဲကြီး



# ကျေးဇူးတင်လွှာ

ဤစာမူ ဖြစ်မြောက်ရေးအတွက် ဦးနု၏ တာတေစနေသား စာအုပ်မှ လိုအပ်သည်များကို ကူးယူခွင့်ပြုခဲ့သော အစ်မကြီး ဒေါ်စန်းစန်းနုနှင့် ဤစာမူပါ ကျန်စာရေးဆရာကြီးများကိုပါ ကျေးဇူးအထူး ဥပကာရ တင်ရှိပါကြောင်း ဂါရဝတရားနှင့် လေးစားစွာ ဖော်ပြအပ်ပါသည်။

**သောင်းဝေဦး**

**စာရေးသူ**

၁၁/၁၂/၂၀၁၃

* * *



စာရေးသူ

# စာရေးသူ၏ အမှာ

၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ရန်ကုန်ရွှေပြည်သာရှိ ခလရ(၆) ခေါ် အမှတ်(၆) ခြေလျင်တပ်ရင်းတွင် ကျွန်တော် တပ်ရင်းမှူး ဖြစ်လာ၏။

တပ်က ရွှေပြည်သာမှာ။ မြို့ထဲသွားလျှင် အင်းစိန်ဒညင်းကုန်းကို ဖြတ်ရ၏။ ဇနီးသည်က ကရင်အမျိုးသမီးဖြစ်၍ အင်းစိန်တောင်သူကုန်းနှင့် Zion ဇီယွန်ကုန်းတို့တွင် ဇနီးသည်ဘက်က ကရင်အမျိုးတွေရှိပါသည်။ ထိုစဉ်က ကရင်အမျိုးတွေ မကြာခဏ ခလရ(၆)ကို လာလည်ကြသည်။ ဟိုအကြောင်း ဒီအကြောင်းတွေ ပြောဖြစ်တော့ ၁၉၄၉ ခုနှစ်က အင်းစိန်တိုက်ပွဲအကြောင်းပါ နားစွန်နားဖျား ကြားခဲ့မိ၏။ ဇနီးသည်၏ အဒေါ်များက ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲအကြောင်းနှင့် ၁၉၈၈ ခုနှစ် အရေးအခင်းအကြောင်းကို သူတို့မြင်သလို ဆက်စပ်ပြောကြားကြ၏။ ကျွန်တော်ကတော့ နားထောင်သမားသာ ဖြစ်ခဲ့သည်။

တပ်ရင်းမှူးဘဝ သုံးနှစ်တာမှာ ရှမ်းပြည်နယ်တွင်သာ တာဝန်ကျခဲ့၍ ဂျီဝမ်းနှင့် ဗျူဟာမှူး ဖြစ်လာတော့ အမျိုး KNU တွေနှင့်ပြန်တွေ့ပြီး အပြင်းအထန် သတ်ပုတ်တိုက်ခိုက်ရပြန်၏။ တိုင်းရင်းသား လက်နက်ကိုင်များတွင် ကရင်၊ ကချင်၊ ချင်း၊ ဝ စသူတို့ကား စစ်တိုက်ကောင်းသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကရင်ပြည်နယ်တွင် တာဝန်ကျခဲ့သည့် ဂျီဝမ်း ဗျူဟာမှူး လေးငါးနှစ်တာမှာ ချွေးသံရွှဲရွှဲနှင့် အသက်လုတိုက်ပွဲများကို အမျိုး KNU များနှင့် မမှတ်မိလောက်အောင် ဆင်နွှဲခဲ့ရပါသည်။

ဗျူဟာမှူးဘဝမှ နယ်ဘက်ရောက်တော့ YCDC ခေါ် ရန်ကုန်မြို့နိုစီပယ်ဖြစ်၏။ ထို့ကြောင့် ရန်ကုန်အနှံ့အပြား သွားရ၏။ အင်းစိန်ကိုလည်း အလုပ်ကိစ္စများနှင့် ခဏခဏ ရောက်သည်။ YCDC မှာ စာတွေအတော်ရေးဖြစ်လာသည်။ အဓိကမှာ တိုက်ပွဲအကြောင်းများသာဖြစ်၏။ စာဖတ်ပရိသတ်က လက်ခံအားပေး၍ စာတွေ ဆက်ရေးဖြစ်သည်။ အင်းစိန်ကို မကြာခဏ ရောက်တော့ သမိုင်းဝင် အင်းစိန်တိုက်ပွဲကြီးကို ရေးရန် စိတ်ကူးမိ၏။ ရေးချင်ခဲ့မိ၏။ အကြောင်းအမျိုးမျိုးနဲ့ ချက်ချင်းမရေးဖြစ်ခဲ့ပါ။

မင်းဓမ္မကုန်း တဲ့

ကျမ်းစာသင်ကျောင်း တဲ့

ခဝဲခြံ တဲ့

စောဘင်ဆင်ခြံ တဲ့

စော်ဘွားကြီးကုန်း တဲ့

ဦးစက္ကိကျောင်း တဲ့

အင်းစိန်တိုက်ပွဲတုန်းက လူသိများခဲ့တဲ့နေရာများ။

ထိုနေရာများကို ရောက်သည့်အခါ လေ့လာမှတ်သားမိခဲ့၏။

အငြိမ်းစားယူပြီးတော့ စာပေထုတ်ဝေရေးတစ်ခုကို ထူထောင်ပြီး တိုက်ပွဲ Series များ အဆက်မပြတ်ရေးခဲ့၏။ စာဖတ်ပရိတ်သတ်၏ အားပေးမှုကို ကျေနပ်ဖွယ်ရာ ရရှိခဲ့ပါသည်။ ကျွန်တော်တို့ခေတ်က တိုက်ပွဲများကို ရေးရင်း ရေးရင်း လွန်ခဲ့သည့် အနှစ် ၅၀ ကျော်က သမိုင်းဝင် တိုက်ပွဲကြီးများကိုပါ ရေးဖြစ်ခဲ့ပါသည်။

ဥပမာ -

မြန်မာ့မြေမှ အင်္ဂလိပ်ဂျပန်တိုက်ပွဲများ။

မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်မှုနှင့် မြန်မာ့တပ်မတော်၏ ကျော်ကြားသောစစ်ဆင်ရေးများ။

ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ စသည်တို့ ဖြစ်ကြပါ၏။

ယခုလည်း လွန်ခဲ့သည့် အနှစ် ၆၀ ကျော်က အင်းစိန်တိုက်ပွဲကြီး အကြောင်းကို ကျွန်တော် ကြိုးစားရေးလိုက်ပါပြီ။

၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့ ပထမကွန်မြူနစ်များက တောခိုကြ၏။ နောက်တော့ ရဲဘော်ဖြူများက တောခိုကြပြန်သည်။ နောင်တစ်နှစ်ကြာ ၁၉၄၉ ခုနှစ် မှာတော့ KNDO များကပါ တောခိုကြပြီး ရန်ကုန်နှင့် တစ်ဆက်တည်းဖြစ်သည့် အင်းစိန်ကို သိမ်းပိုက်လိုက်တော့၏။ အစိုးရ မျက်လုံးပြူးရတော့သည်။ KNDO တွေက အင်းစိန်သိမ်းပြီး ရန်ကုန်ပါ သိမ်းရန် ပြင်ဆင်ကြတော့၏။ ပြည်နှင့် တောင်ငူရှိ ကရင်သေနတ်ကိုင်တပ်ရင်းများနှင့် KNDO များကပါ ရန်ကုန်ဆင်းလာကြပြီး ရန်ကုန်ကို ဝိုင်းတိုက်ရန် လုပ်ကြတော့၏။ အစိုးရက ရှိစုမဲ့စု တပ်ကလေးများနှင့် ရန်ကုန်ကျမသွားအောင် အစွမ်းကုန်ခုခံခဲ့ရသည်။ အဝေးရောက်တပ်များ အမြန်ပြန်ခေါ်ရသည်။ တပ်မတော်သားများသာမက တက္ကသိုလ်ကျောင်းသားများ UMP များ၊ BAF တပ်များ၊ BTF တပ်များကပါ ပူးပေါင်း ခုခံကြသည်။

အင်းစိန်တွင် သုံးလကျော် သူသေကိုယ်သေ အကြိတ်အနယ် တိုက်ကြပြီးနောက်တွင် KNDO တို့ အရေးနိမ့်ကာ ခွာစစ်ဆင်ရတော့၏။

အင်းစိန်တိုက်ပွဲကြီးနောက်ပိုင်းတွင် KNDO တို့ တဖြည်းဖြည်း မြို့

များပေါ်မှ တောတွင်းသို့ ပြောင်းလဲခိုလှုံရတော့၏။

ထိုစဉ်အချိန်မှစ၍ အနှစ်ငါးဆယ်တိုင်တိုင် KNU တို့ လက်နက်ကိုင်ခဲ့ကြသော်လည်း ဘာမှ ဖြစ်မလာခဲ့ပါ။ တိုင်းပြည်သာ ဖွတ်ကျော်ပြာစု ခရဆံကျွတ်ဖြစ်ခဲ့ရပါသည်။ ယခုအခါ ပြည်တွင်း လက်နက်ကိုင် အဖွဲ့အစည်းများ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်နေကြသည့် ကာလဖြစ်ပါသည်။ တိုင်းပြည်ပြန်လည်တည်ဆောက်နေကြသည့် ဒီမိုကရေစီအခါသမယဖြစ်ပါသည်။ ပွင့်လင်း မြင်သာမှု Transpareacy ရှိလာသောအခါသမယ ဖြစ်ပါသည်။

ထိုအခါသမယကြီးတွင် တစ်ရံရောအခါက မြန်မာ့သမိုင်း၌ မြန်မာအစိုးရကို ကမ္ဘာက ရန်ကုန်အစိုးရဟု ပြက်ရယ်ပြုရလောက်သည်အထိဖြစ်ခဲ့ရသော သမိုင်းဝင် အင်းစိန်တိုက်ပွဲကြီးအား ကျွန်တော်ဖတ်ရှုမှတ်သားလေ့လာတွေ့ရှိချက်များကို အခြေခံကာ ရေးသားတင်ဆက်လိုက်ပါသည်။

အင်းစိန်တိုက်ပွဲမှာ သုံးလကျော်ကြာသည့် သမိုင်းဝင်တိုက်ပွဲကြီးဖြစ်သော်လည်း မည်သူကမျှ တိုက်ပွဲစဉ်ကြီး တစ်ခုလုံးကို ပြီးပြည့်စုံအောင်ရေးမသွားကြပါ။ စာတစ်စောင် ပေတစ်ဖွဲ့ စာအုပ်တစ်အုပ်အဖြစ် ထုတ်မသွားကြပါ။ တိုက်ပွဲတွင် ပါဝင်ခဲ့သူ လူကြီးလေးငါးဦးကသာ သူတို့ပါသည့် အပိုင်းများကို ကန့်သတ်ရေးသွားကြပါသည်။ ထို့ကြောင့် သမိုင်းကွက်လပ်အဖြစ် ရှိနေပါသည်။

ယခု ကျွန်တော် ရေးသားတင်ပြသည့် စာအုပ်တွင်မူ ထိုသမိုင်းကွက်လပ်ကို ဖြည့်ဆည်းနိုင်ရန် တိုက်ပွဲစဉ်တစ်ခုလုံး ပါဝင်အောင် ကြိုးစားဖော်ပြထားပါကြောင်းနှင့် ထိုအချိန်က ထိုတိုက်ပွဲကြီး၌ ပါဝင်ခဲ့သူများ၏ ဖော်ပြချက်များကို ပြန်လည်ထည့်သွင်းထားပါကြောင်း စာရှု

သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်။

*

# ၁၉၄၉ ခုနှစ်က သမိုင်းဝင် အင်းစိန်တိုက်ပွဲကြီး

နိဒါန်း

၁၉၄၉ ခုနှစ်က သမိုင်းဝင် အင်းစိန်တိုက်ပွဲကြီးသည် သုံးလကျော် ကြာမြင့်ခဲ့၏။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့မှ မေလ ၂၂ ရက်နေ့ထိ ဖြစ်သည်။ မေလ ၂၂ ရက်နေ့တွင် မြန်မာ့တပ်မတော်က အင်းစိန်မြို့ကို KNDO တို့လက်ထဲမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့၏။ အတိအကျဆိုက တိုက်ပွဲကာလ ရက်ပေါင်း ၁၁၂ ရက် ကြာခဲ့ပါ၏။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့ ယခုရသည့် လွတ်လပ်ရေးသည် ရွှေရည်စိမ် လွတ်လပ်ရေးအတု၊ လွတ်လပ်ရေးဆိုတာ တိုက်ယူမှရသည်ဆိုပြီး ကွန်မြူနစ်တွေ တောခိုကြတော့သည်။ လွတ်လပ်ရေးရတာက ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။ BCP ခေါ် သခင်သန်းထွန်း ခေါင်းဆောင်သည့် အလံဖြူ ကွန်မြူနစ်များ တောခိုတာက ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်။ အလံဖြူကွန် မြူနစ်ပါတီထက်စောပြီး သခင်စိုးခေါင်းဆောင်သည့် အလံနီကွန်မြူနစ်ပါတီက တောတွင်းသို့ ဝင်ရောက်နှင့်ပြီး ဖြစ်သည်။ ၁၉၄၈ ခုနှစ်လယ်တွင်မူ ပြည်သူ့ရဲဘော်များ တောခိုကြပြန်သည်။ ပြည်သူ့ရဲဘော်ဆိုသူများမှာ ၁၉၄၇ ခုနှစ်၊ ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရာတွင် မပါဝင်ခဲ့ရသော လွတ်လပ်ရေးတိုက်ပွဲဝင် မျိုးချစ်ဗမာ့တပ်မတော်မှ ရဲဘော်ဟောင်းများ ဖြစ်ကြ၏။ ရဲဘော်ဟောင်း နှစ်ဖွဲ့ကွဲသွားရာ ရဲဘော်ဖြူ၊ ရဲဘော်ဝါဟူ၍ ဖြစ်လာသည်။ တောခိုသွားကြသူများမှာ ရဲဘော်ဖြူများဖြစ်ကြလေ

သည်။

ကွန်မြူနစ်များက ရဲဘော်ဖြူများ တောခိုကြ၍ ပြဿနာများ တက်နေစဉ်မှာပင် ကရင်အမျိုးသားအစည်းအရုံး Karen National Union ခေါ် KNU ၏ လက်နက်ကိုင်အဖွဲ့အစည်း Karen National Defence Organization ခေါ် KNDO က ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အင်းစိန်မြို့တစ်မြို့လုံးကို ထိန်းချုပ်သိမ်းယူပြီး အစိုးရအား တရားဝင်တော်လှန်ပုန်ကန်လေတော့သည်။

အင်းစိန်မြို့မှာ ရန်ကုန်နှင့်တစ်ဆက်တည်းဖြစ်၍ ရန်ကုန်ရှိ အစိုးရအဖွဲ့အတွက် အလွန်အန္တရာယ်ကြီးလေသည်။ ကျန်တဲ့မြို့တွေ သောင်းကျန်းသူတွေ လက်ထဲကျချင်ကျ၊ အစိုးရရုံးစိုက်ရာ မြို့တော်ရန်ကုန်ကိုတော့ သောင်းကျန်းသူတွေလက်ထဲ ကျလို့မဖြစ်၊ လောလောဆယ် ကျန်တဲ့သောင်းကျန်းသူတွေ အသာထား၊ KNDO ကိုတော့ လစ်လျူရှု၍မရ။ အပြတ်ရှင်းမှရတော့မည်။ အစိုးရက အထက်ပါအတိုင်း သဘောရပြီး အဝေးရောက်တပ်များကို လှမ်းခေါ်ရတော့သည်။ ထိုစဉ်က ဗမာ့တပ်မတော်မှာ အင်အား ၂၀၀၀ ခန့်မျှသာရှိ၏။ အားထားရသော သေနတ်ကိုင်တပ်ရင်း နှစ်ရင်းမှာ နယ်စွန်နယ်ဖျားရောက်နေ၏။ အင်းစိန်တွင် KNDO စုဖွဲ့မှုမှာ ဗမာ့တပ်မတော်ကို ယှဉ်နိုင်သည့် အင်အားရှိခဲ့လေသည်။ အနယ်နယ်အရပ်ရပ်မှ KNDO များ အင်းစိန်တွင် လာရောက်စုဝေးကြ၏။ သထုံဘက်မှ KNDO များ ၊ မြစ်ဝကျွန်းပေါ်မှ KNDO များ အများဆုံးဖြစ်၏။

KNDO တို့က သီးခြားလွတ်လပ်သော ကရင်ပြည်နယ်ရရှိရေးကို အသံအကျယ်ဆုံး တောင်းဆိုကြ၏။ သူတို့တောင်းဆိုသော ကရင်ပြည်နယ်တွင် မြစ်ဝကျွန်းပေါ်ဒေသပါ ပါဝင်ခဲ့လေသည်။ သူတို့

နောက်ကွယ်တွင်လည်း အားပေးအားမြှောက်လုပ်နေသူများက ရှိနေ၏။ အဓိကမှာ ဗြိတိသျှအစိုးရနှင့် မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်များ အဖွဲ့အစည်းများ ဖြစ်လေသည်။

အင်းစိန်အရေးအခင်းဖြစ်နေစဥ်မှာပင် ဗမာ့တပ်မတော်ရှိ ကရင်သေနတ်ကိုင်တပ်ရင်း သုံးရင်းကလည်း ပုန်ကန်၍ KNDOနှင့် ပူပေါင်းသွားတော့၏။ ထိုတပ်များမှာ -

- တောင်ငူတွင် ကရင်သေနတ်ကိုင်တပ်ရင်း (၁)

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး မင်းမောင်

- ပြည်တွင် ကရင်သေနတ်ကိုင်တပ်ရင်း (၂)

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောမြမောင်

- မန္တလေးတွင် ကရင်သေနတ်ကိုင်တပ်ရင်း (၃)

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောဒီထူး တို့ဖြစ်ကြ၏။

ကရင်သေနတ်ကိုင်တပ်ရင်း(၁)က KNDO များနှင့် ပူးပေါင်းကာ လူအင်အား ၂၀၀၀ ကျော် ဖြင့် ရန်ကုန်ကို ဆင်းချလာ၏။ ကရင်သေနတ်ကိုင်တပ်ရင်း(၂)လည်း အလားတူပင် လူအင်အား ၂၀၀၀ ခန့်၊ ကားအစီး ၂၀၀ ခန့်နှင့် ပြည်မှ ရန်ကုန်ကို ဆင်းချလာကြ၏။ အားလုံး ရန်ကုန်ကို ဝိုင်းတိုက်ကြမည်ပေါ့။

ဤသို့ဖြင့် KNDO ကွပ်ကဲမှုဖြင့် လူတစ်သောင်းခန့်ပါသော ကရင်တပ်များသည် ရန်ကုန်မြို့အား သုံးဖက်သုံးတန်မှ ဝိုင်းဝန်းတိုက်ခိုက်ကြရာမှ သုံးလကျော်ကြာမြင့်ခဲ့သည့် သမိုင်းဝင် အင်းစိန်တိုက်ပွဲကြီး ဖြစ်သွားခဲ့ရပါသည်ခင်ဗျား။

*

# အခန်း(၁)
# ကရင်လူမျိုးတို့အကြောင်း သိကောင်းစရာများ

**ပဏာမဖော်ပြချက်**

မြန်မာနိုင်ငံ၏ အစောဆုံး တိုင်းရင်းသား သောင်းကျန်းသူများထဲတွင် KNU သည် ထိပ်ဆုံးက ဖြစ်၏။

ယခုအချိန်ထိ KNU နှင့် သူ၏အဖွဲ့ခွဲ လက်နက်ကိုင်များကို နိုင်ငံတော်အစိုးရမှ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံညှိနှိုင်းနေရဆဲဖြစ်၏။

အနှစ် ၆၀ ကျော်ခဲ့ပါပြီ။ KNU တို့ သူပုန်ထစဉ်က ခေါင်းဆောင်များရော မြန်မာ့တပ်မတော်ဘက်က ခေါင်းဆောင်များရော အတော်များများ ကွယ်လွန်သွားခဲ့ကြပါပြီ။ တစ်ဦးစ နှစ်ဦးစတော့ ကျန်ချင်ကျန်ပါလိမ့်မည်။ ကျန်ရင်တောင် အသက်ရှစ်ဆယ်ကျော် ကိုးဆယ်အရွယ်တော့ ဖြစ်ကြလိမ့်မည်ထင်ပါ၏။ စာရေးသူ ကျွန်တော်ပင်လျှင် ဘာလိုလိုနဲ့ အသက် ၇၀ နားကပ်နေပါပြီ။

ကျွန်တော်သည် စစ်သားဘဝတစ်ဝက်ကို ကရင်ပြည်နယ်တွင် ကုန်လွန်ခဲ့ရာ ကရင်လူမျိုးတွေအကြောင်း အတော်သိပါသည်။ ဇနီးသည်ကလည်း စကောကရင်ဖြစ်သည်။ ကရင်တို့အလေ့အထကို သိရုံသာမက ကရင်စကားလည်း အတန်အသင့် ပြောတတ်ပါသည်။ ထို့ကြောင့် ကရင်လူမျိုးတွေကို နားလည်ပေး၍ ရပါသည်။ ကရင်တို့အား အခြေခံတွင်

ရိုးသားလှသူများ ဖြစ်ကြ၏။ ယုံကြည်ချက်အတွက် အသက်စွန့်ဝံ့သူများ ဖြစ်ကြ၏။ အလွန်အဆင်းရဲ အပင်ပန်းခံနိုင်၏။ အငတ်အပြတ်ခံနိုင်၏။ သစ္စာရှိကြ၏။ ထိုသူတို့ အဘယ်ကြောင့် သူပုန်ထခဲ့ကြသနည်း။ အဖြူကို မည်သူအနက်ဆိုးခဲ့သနည်း။ ထိုအကြောင်းကိုသိမှ အင်းစိန်တိုက်ပွဲ အပါအဝင် KNU သမိုင်းမှ အခြားတိုက်ပွဲကြီးများ အကြောင်းကို နားလည်နိုင်မည်ထင်ပါ၏။

သို့ဖြစ်ပါ၍ ကရင်လူမျိုးတို့၏ မူလဘူတကို ရှေးပဝေသဏီက ပြန်ဖော်ပြမှ ရပါမည်။

ကရင်တို့၏ မူလဘူတ ရှေးဟောင်းသမိုင်းမှာ အောက်ပါအတိုင်းဟု သမိုင်းသုတေသီတို့က ဆိုကြပါသည် ခင်ဗျား။

## လူမျိုးအမည်

ကရင်ဟူသော အမည်မှာ မြန်မာတိုင်းရင်းသား ကရင်လူမျိုးများကို ခြုံ၍ခေါ်သော အမည်ဖြစ်သည်။ ရှေးအခါက မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြသော ပျူ၊ ကမ်းယံ၊ သက်ဟူသည့် လူမျိုးသုံးမျိုးအနက် ကမ်းယံဟု ခေါ်သော လူမျိုးအမည်မှ ကရင်ဟူသောအမည်သို့ ပြောင်းလဲခေါ်ဆိုလာသော အမည်ဖြစ်သည်ဟု ဆာအာသာ ဖယ်ရာ Sir Arthur Phayre က တင်ပြခဲ့သည်။

မွန်လူမျိုးတို့က တိုင်းရင်းသား ကရင်လူမျိုးတို့အား အရိရန်ဟု ခေါ်ကြသည်။ ရှမ်းလူမျိုးတို့ကမူ ကရင်လူမျိုးတို့အား ယန်ဟုခေါ်ကြသည်။ ပအို့တို့ကမူ ဂျော့က်ဟု ခေါ်ဆိုကြ၏။

မြန်မာကရင်ခေါ် စဂေါ်(စကော) ကရင်တို့သည် မိမိတို့ကိုယ်ကို ပွာကညောဟု ခေါ်ကြသည်။ ပွာကညောဟူသော ဝေါဟာရမှာ

မြန်မာဘာသာအားဖြင့် လူဟူသောအနက်ကိုဆောင်သည်။

မွန်ကရင် ရှိ(ပိုး)ကရင်တို့သည် မိမိတို့ကိုယ်မိမိ ဖလုံဟုခေါ်ကြသည်။ ဖလုံဟူသော ရှိ(ပိုး) ကရင် ဝေါဟာရမှာလည်း လူဟူသော မြန်မာ အနက်ကိုပင် ဆောင်လေသည်။

## လူမျိုးအစနှင့် မျိုးနွယ်ဆက်သွယ်ပုံ

သမိုင်းသုတေသနတွင် ခေတ်ပြိုင်မှတ်တမ်းသည် အားအကိုးရဆုံး ဖြစ်လေသည်။ ခရစ်နှစ် ၈၆၃ ခုတွင် ဖန်ချို Fan Cho အမည်ရှိ တရုတ် သုတေသီကြီးတစ်ဦးသည် မန်ရှူ(တောင်ပိုင်းလူရိုင်းများ) Man Shu (Book of the Southern Barbarians) ဟူသော ကျမ်းစာတစ်စောင်ကို ရေးသားခဲ့သည်။

ထိုကျမ်းကို ၁၉၆၁ ခုနှစ်တွင် ပါမောက္ခလုစ်နှင့် ဆရာချန်ယီစိန်တို့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးစီးသည်။ အဆိုပါကျမ်းတွင် တရုတ်ပြည်ကြီး၏ အနောက်တောင်ဘက်ရှိ ယူနန်ဒေသတွင် နေထိုင်ကြသော လူမျိုးစုတို့၏ အကြောင်းကို အတန်ငယ်ပြည့်စုံစွာ ရေးသားထားသည့်ပြင် မူလမြန်မာလူမျိုးများ၏ အကြောင်းကိုလည်း အတော်အတန်ပြည့်စုံအောင် ရေးသားထားသဖြင့် မြန်မာနိုင်ငံအတွင်းသို့ မရောက်မီ မြန်မာ့အခြေအနေကို သိရှိနိုင်ပေသည်။ သို့ရာတွင် မန်ရှူကျမ်း၌ ကရင်လူမျိုးများနှင့် ပတ်သက်၍ မှတ်တမ်းတင်ရေးသားထားခြင်းကို မတွေ့ရှိခဲ့ရချေ။

ကရင်လူမျိုးတို့တွင် ရှေးအခါကစ၍ တီထွင်အသုံးပြုခဲ့သော ခလိဘိုးနှင့် လိပ်ဆန်ဝှေ့စာ ရေးနည်းစနစ် ရှိခဲ့ဖူးသည်ဟု အဆိုရှိသည်။ သို့ရာတွင် ထိုစာဖြင့် ရေးသားထားသောစာပေ အထောက်အထားများ

ကို ယနေ့တိုင် ရှာဖွေ၍ မတွေ့ရှိသေးပေ။ ပေပုရပိုက်များ ရှိခဲ့ဖူးလျှင် လည်း နှစ်ပေါင်း ရှစ်ရာ၊ တစ်ထောင်ကျော်ခန့်က ပေပုရပိုက်ဟောင်း များသည် မယိုမယွင်း မပျက်မစီးဘဲ ကျန်ရစ်နိုင်မည် မဟုတ်ပေ။ မွန် စာရေးနည်းစနစ်ကိုယူ၍ မွန်ကရင်-ရှူ(ပိုး)ကရင် အသံထွက်ဖြင့် ရေးသားထားသော စာပေသည်လည်း လွန်ခဲ့သည့် နှစ်ပေါင်း တစ် ထောင်ခန့်က စတင်ရှိခဲ့သည်ဟု အဆိုပြုသူများ ရှိပေသည်။

သို့ရာတွင် ထိုအချိန်က ရေးသားခဲ့သော ပေပုရပိုက်ဟောင်း များသည် ရာသီဥတုဒဏ်နှင့် အခြားအပျက်အစီးများကိုကျော်လွန်၍ တည်တံ့နိုင်မည် မဟုတ်ချေ။ ယခု ရှာဖွေတွေ့ရှိရသော မွန်ကရင်-ရှူ(ပိုး)ကရင်များ၏ စာပေများမှာလည်း မကြာသေးသော အချိန်က ရေးသားထားသည့် စာပေများသာဖြစ်ရာ ကရင်လူမျိုးတို့၏ မူလအစနှင့် မျိုးနွယ်ဆက်သွယ်ပုံများကို သုသေနပြုလုပ်ရာတွင် အားထားခြင်း မ ပြုလုပ်နိုင်ခဲ့ချေ။

သို့သော် မွန်တို့၏ ရှေးဟောင်းစာပေများကို စနစ်တကျ သုတေသန ပြုလုပ်လျှင်လည်းကောင်း သို့မဟုတ် မွန်နှင့် မွန်ကရင်များ နေထိုင်ရာ တနင်္သာရီကမ်းမြောင်ဒေသ မုတ္တမပင်လယ် ကွေ့နှင့် မြစ်ဝကျွန်းပေါ် ဒေသရှိ ထင်ရှားသော အရပ်များတွင် ရှေးဟောင်းသုတေသနဌာနမှ မြေ အောက်ပစ္စည်းများကို စနစ်တကျ တူးဖော်ရှာဖွေကြည့်လျှင် လည်းကောင်း အားကိုးအားထား လောက်သော သမိုင်း အထောက်အထားများကို တွေ့ရှိနိုင်ဖွယ်ရာ ရှိလိမ့်မည်ဟု မျှော်လင့်ရ ပေ သည်။

လူမျိုးတစ်မျိုး၏ မူလအစနှင့် မျိုးနွယ်ဆက်သွယ်ပုံများကို သုတေသနပြုလုပ်ရာတွင် အိမ်နီးချင်း လူမျိုးများ၏ ခေတ်ပြိုင်

မှတ်တမ်းများ သို့မဟုတ် ထိုလူမျိုးတို့တွင် ရေးအခါကစ၍ စာပေ အရေးအသားရှိခဲ့လျှင် ယင်းစားပေအရေးအသားများကိုသာ အားကိုးရမည် ဖြစ်ပေသည်။ ထိုသို့မရှိခဲ့လျှင် လူမှုရေးဆိုင်ရာ ထုံးတမ်းဓလေ့များ၊ ရိုးရာယဉ်ကျေးမှုများ၊ ယုံကြည်ကိုးကွယ်မှု ဘာသာ အယူဝါဒဆိုင်ရာ ခံယူချက်များ၊ ပုံပြင်ဒဏ္ဍာရီများ၊ ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားများ၊ ကဗျာ လင်္ကာများ၊ တေးသီချင်းများ၊ တူရိယာဂီတအဆိုအက အတီးအမှုတ်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ နေ့စဉ်အသုံးပြုသော ကိရိယာတန်ဆာပလာများစသည့် လူမှုရေးဆိုင်ရာ အထောက်အထား များ၊ ဘာသာစကားဆိုင်ရာ အရင်းအမြစ်နှင့် ဆင်းသက်ပြန့်ပွားလာပုံ များ၊ လူကိုယ်ခန္ဓာအစိတ် အပိုင်းဆိုင်ရာ လေ့လာရေးပညာများကို အား ကိုအားထားပြု၍ လေ့လာဆန်းစစ်ကာ လူမျိုးတစ်မျိုး၏ မူလအစနှင့် မျိုးနွယ်ဆက်သွယ်ပုံများကို တွေးခေါ်မှန်းဆယူရမည် ဖြစ်ပေသည်။ ထိုသို့ တွေးခေါ်မှန်းဆယူရာ၌ ယထာဘူတအမြင်ဖြင့် ကြည့်မြင်ခြင်း ထက် မှန်းဆသူ၏ စိတ်ဆန္ဒသန်ရာဘက်သို့ လိုက်ပါ၍ မှန်းဆတတ်ကြ ပေသည်။

ပုံစံအားဖြင့် ကရင်လူမျိုးတို့၏ လူမျိုးအစနှင့် မျိုးနွယ်ဆက်သွယ်ပုံ များကို ၁၉ ရာစုအလယ် ပိုင်းမှစ၍ ဥရောပတိုက်သားများနှင့် အမေရိ ကန်သုတေသီတို့သည် အထက်ဖော်ပြပါ နည်းမျိုးစုံဖြင့် သုတေသန ပြုလုပ်၍ အမျိုးမျိုးအဖုံဖုံ အဆိုပြုခဲ့ကြသည်။ ယင်းအဆိုပြုချက်များ အနက် အမေရိကန် နှစ်ခြင်းသာသနာပြု ဒေါက်တာဖရန့်စစ်မေဆန်က ကရင်လူမျိုးတို့သည် ဟေးဗြဲလူမျိုးများနှင့် ဆက်သွယ်ပြီး ပျောက်ဆုံးနေ သော ဟေးဗြဲအနွယ်ဝင်များဖြစ်သည်ဟု ၁၈၃၄ ခုနှစ် အောက်တိုဘာလ ထုတ် သာသနာပြုမဂ္ဂဇင်းတွင် ၁၈၃၃ ခုနှစ် ဒီဇင်ဘာလ ရက်နေ့စွဲဖြင့် ရေးသားအဆိုပြုခဲ့ပေသည်။

သို့ရာတွင် ၁၈၆၀ ပြည့်နှစ်တွင် ဒေါက်တာမေဆန်ရေးသားသော Burma စာအုပ်တွင်မူ ကရင်လူမျိုးတို့အား ပျောက်ဆုံးနေသော ဟေးဗြဲ အနွယ်ဝင်များ ဖြစ်တန်သည်ဟူသော အယူအဆကို ပယ်ဖျက်ခဲ့ ပြန်သည်။

မေဆန်သည် ကရင်ဘာသာစကားတွင် အရင်းအမြစ်ကျသော စကားလုံး ၈၈ လုံးကို ဆန်းစစ်ကြည့်ရာ ၁၆ လုံးမှာ ထိုင်း (ရှမ်းနှင့် ယိုးဒယား)၊ ၁၁ လုံးမှာ တရုတ်၊ ၁၀ လုံးမှာ မြန်မာ၊ သုံးလုံးမှာ တိဗက်၊ သုံးလုံးမှာ ဘိုသျှန်း၊ သုံးလုံးမှာ ဆင်ဘူး၊ တစ်လုံးမှာ အင်ဒိုဥရောပ ဘာသာစကား များနှင့် နီးစပ်တူညီနေသည်ကို တွေ့ရသဖြင့် ကရင် ဘာသာစကားသည် ထိုင်း တရုတ်ဘာသာနှင့် အရင်းအမြစ်ချင်း တူညီ နီးစပ်မှု အားကောင်းခြင်းကြောင့် ကရင်လူမျိုးများသည် တရုတ်လူမျိုး တို့၏ အကိုင်းအခတ်ဖြစ်မည်ဟု ထင်မြင်ကြောင်းဖြင့် မူလအယူအဆကို ပြင်ဆင်တင်ပြခဲ့ပြန်သည်။

ထို့အတူ မစ္စတာဂျေအာလိုဂင်ကလည်း ကရင်လူမျိုးတို့၏ စကား သည် ဧရာဝဒီပြဟ္မာ ပုတရန်စကား အုပ်စုဝင်ဖြစ်ပြီး တောင်ပိုင်းသို့အ ရောက်တွင် တရုတ်ဘာသာစကား လွှမ်းမိုးခြင်းခံရသည်ဟု တင်ပြခဲ့ ပြန်သည်။

အလားတူပင် မစ္စတာကားလ်ဟုမ်းရေးသည့် အမောင်းသည် ရှမ်း အမည်ရှိစာအုပ်တွင် ပါမောက္ခဒီလက် ကွာပါရီက နိဒါန်းရေးရာ၌ ကရင်လူမျိုးများသည် အာရှတိုက်အလယ်ပိုင်းရှိ ရှေးဟောင်းတိတ် သို့မဟုတ် တုတ် လူမျိုးများမှ ဆင်းသက်လာသည်ဟု တင်ပြထားသည်။

၁၉၁၆ ခုနှစ် မြန်မာနိုင်ငံ ရှေးဟောင်းကမ္ဘည်းကျောက်စာ သုတေသန အစီရင်ခံစာတွင် ကရင်လူမျိုးများအား မြန်မာ့သမိုင်းများ၌

ဖော်ပြခဲ့ကြသော ကမ်းယံလူမျိုးများနှင့်လည်းကောင်း၊ ယူနန်နယ်ရှိ ယောဝ်နှင့် မြောင်လူမျိုးများနှင့်လည်းကောင်း မျိုးနွယ်ဆက်သွယ် ကြောင်း ဖော်ပြပါရှိသည်။

တစ်ဖန် သာသနပြုပုဂ္ဂိုလ် မစ္စတာကရော့စ်ကလည်း ကရင်လူမျိုး များသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း မုတ္တမပင်လယ်ကွေ့တစ်ဝိုက် တွင် နေထိုင်ခဲ့ကြသော မူတိုင်းရင်းသားများ ဖြစ်သည်ဟု အဆိုပြုထား လေသည်။

မေဂျာအင်ရီကေရေးသားပြုစုသော မြန်မာနိုင်ငံ၏ လူမျိုးများ အကြောင်း စာအုပ်တွင်မူ ကရင်လူမျိုးများသည် ထိုင်းတရုတ်အနွယ်မှ ဆင်းသက်လာခဲ့သည်ဟု ရေးသား အဆိုပြုခဲ့ပြန်သည်။

ထိုကဲ့သို့ ကရင်လူမျိုးများ၏ မူလအစနှင့် မျိုးနွယ်ဆက်သွယ်ပုံများ ကို သုတေသီများက အမျိုးမျိုး အဖုံဖုံ မှန်းဆပြောဆိုကြရာတွင် များ သောအားဖြင့် ဘာသာစကား အရင်းအမြစ်နှင့် ဆင်းသက်ပြန့်ပွားပုံ လေ့လာရေးပညာကိုလည်းကောင်း၊ လူ၏ကိုယ်ခန္ဓာ အစိတ်အပိုင်း ဆိုင်ရာ လေ့လာ ရေးပညာကိုလည်းကောင်း၊ လူမှုရေးဆိုင်ရာ ရိုးရာဓလေ့များ၊ ဘာသာအယူဝါဒနှင့် ယုံကြည်မှု ဆိုင်ရာ ခံယူချက်များ၊ ရှေးဟောင်းကဗျာ လင်္ကာနှင့် တေးသီချင်းများ၊ ပုံပြင်ဒဏ္ဍာရီနှင့် ရှေးလူကြီး တို့၏ စကားများအပေါ်တွင် အခြေခံ၍ တွေးခေါ်မှန်းဆခဲ့ ခြင်းက များပေသည်။

အချို့ အချို့သော သုတေသီတို့သည် ကရင်လူမျိုးတို့၏ ထားစိပါခေါ် ရှေးဗျာဒိတ်လင်္ကာများနှင့် ပုံပြင်များတွင် ပါဝင်သော အကြောင်းအချက် အချို့ကို မိမိတို့လိုသလို ဆွဲယူကာ ကရင်လူမျိုးများ၏ မျိုးနွယ်ဆက် သွယ်ပုံကို အဆုံးအဖြတ်ပေးခဲ့ခြင်းကြောင့် ယနေ့တိုင် ကရင်လူမျိုးတို့၏

မျိုးနွယ်ဆက်သွယ်ပုံ အယူအဆများသည် ရှုပ်ထွေးလျက် ရှိသည်ကိုတွေ့ရပေမည်။

မည်သို့ပင်ဆိုစေ မျက်မှောက်ခေတ် သုတေသီပညာရှင်ကြီးများသည် ကရင်လူမျိုးတို့အား မွန်ဂိုလူမျိုးများမှ ဆင်းသက်လာပြီး တိဗက်-တရုတ်ဘာသာစကားအနွယ်ကြီးတွင် ပါဝင်သော တိဗက်မြန်မာဘာသာ စကားအစုဝင်ဖြစ်ကြောင်း တစ်ပြိုင်တည်း လက်ခံအတည်ပြုခဲ့ကြပြီးဖြစ်ပေသည်။

ကရင်လူမျိုးတို့၏ မူရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်း တရုတ်ပြည်၏ အနောက်ဘက်ရှိ မြင့်မားသော တောင်တန်းများခြံရံသည့် ကုန်းပြင်မြင့်ကြီးဟု ယူဆကြသည်။ ထိုကုန်းပြင်မြင့်ကြီး အရှေ့ပိုင်းတွင် မြစ်ဖျားခံသော မဲခေါင်နှင့် သံလွင်မြစ်နှစ်သွယ်ကြားမှ ခရစ်နှစ်အစပိုင်းလောက် မှစတင်၍ တရွေ့ရွေ့ဆင်းသက်လာပြီး မြန်မာနိုင်ငံတွင်းသို့ ရမည်းသင်းနှင့် တောင်ငူခရိုင် အရှေ့ဘက်မှ ဝင်ရောက်နေထိုင်ခဲ့ကြသည်။

ထို့ကြောင့် ကရင်လူမျိုးများကို ဒေါက်တာမေဆန် တင်ပြသကဲ့သို့ ဟေးဗြဲအမျိုးအနွယ်ဟု ယူဆခြင်း၊ မစ္စတာလိုဂင်မှန်းဆသကဲ့သို့ ဧရာဝဒီဗြဟ္မာပုတရန် စကားအုပ်စုဝင်များအဖြစ်ယူဆခြင်း၊ ပါမောက္ခဒီလက်ကွာပါရီ အဆိုပြုသကဲ့သို့ တိတ် သို့မဟုတ် တုတ်တို့မှ ဆင်းသက်လာသည်ဟု ယူဆခြင်း၊ သာသနာပြုမစ္စတာ ကရော့စ်အဆိုပြုသကဲ့သို့ မြန်မာနိုင်ငံ၏ မူလတိုင်းရင်းသားများ ဖြစ်ကြသည်ဟူသော ယူဆခြင်းများထက် တိုင်းရင်းသား ကရင်လူမျိုးတို့သည် သံလွင်နှင့် မဲခေါင်မြစ်ကြောင်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ ဆင်းသက်လာပြီး အေဒီခုနှစ်ရာစုနှင့် ရှစ်ရာစုခန့်တွင် ရမည်းသင်းနှင့် တောင်ငူခရိုင်

များ၏ အရှေ့ဘက်မှနေ၍ မြန်မာနိုင်ငံအတွင်းသို့ တစိမ့်စိမ့်ဝင်ရောက် နေထိုင်လာကြသော တိဗက် မြန်မာ ဘာသာစကားအစုဝင် မွန်ဂိုလူမျိုး အနွယ်များ ဖြစ်သည်ဆိုခြင်းက ယနေ့အချိန်တွင် ပို၍ခိုင်လုံလျက်ရှိကြောင်း တွေ့ရှိရပေသည်။

## မြန်မာနိုင်ငံအတွင်း ဝင်ရောက်နေထိုင်ကြပုံ

တိဗက်တရုတ်လူမျိုးကြီးမှ တိဗက်မြန်မာမျိုးကွဲတွင်ပါဝင်သော မြန်မာအစုသည် အေဒီ ကိုးရာစု နောက်ပိုင်း၌ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ကြသည်ဟု ပညာရှိအများက လက်ခံထားကြသည်။

တိဗက်မြန်မာမျိုးကွဲများတွင် ပါဝင်သော ကရင်လူမျိုးများက မြန်မာများထက်စော၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ကြသည်ဟု အဆိုပြုသူများလည်း ရှိပါသည်။ ကရင်လူမျိုးတို့သည် အေဒီ ခုနစ်ရာစုသို့မဟုတ် ရှစ်ရာစုခန့်တွင် တောင်ငူ ရွှေကျင်လမ်းကြောင်းအတိုင်း မြစ်ဝကျွန်းပေါ် ဒေသဘက်သို့လည်းကောင်း၊ တောင်ဘက် ဖာပွန် သံလွင်မြစ်ကြောင်းတိုင်း တနင်္သာရီကမ်း မြောင်ဒေသဘက်သို့လည်းကောင်း မြန်မာနိုင်ငံအောက်ပိုင်းတွင် အနှံ့အပြား ဝင်ရောက်နေထိုင်ခဲ့ကြသည်ဟု အဆိုရှိပါသည်။

ပုဂံအရှေ့တောင်ဆီရှာ ရွှေကွန်ချာဘုရား အရှေ့မြောက်တန်တိုင်းအတွင်းရှိ လေးမျက်နှာ ကျောက်စာ အနောက်မျက်နှာတွင် ကရင်တန်မီပြောက်ဟု ပါရှိသည်။

ပုဂံအရှေ့မြောက်တန်ဆောင်းဘုရား အုတ်ဂူအတွင်းရှိ ကျောက်စာစာကြောင်းရေ ၁၅ တွင် “ -ဝ။ စကုကျွန်၊ စပြင်ကာ၊ ငဝံဖွည်သင်ငိ သတိစန်သာ (စွာ)။ သာ(ချက်ရာ)။ (စွာငိကြေင်)” ဟု ပါရှိပါသည်။

စကြောနှင့် ပတ်သက်၍ သျှင်အဂ္ဂသမာဓိ စပ်ဆိုတော်မူသော သုဝဏ္ဏသျှံ သူဌေးခန်းပျို့ ပိုဒ်ရေ ၆ သာဝတ္ထိပြည်ဘွဲ့တွင် -

"ကုန်သည်တစ်အုပ်၊ လယ်လုပ် စရော၊ စကြော၊ မပွြမ်း၊ ဂျွမ်းနှင့်တောင်သူ၊ လူကား တဂိုး"

ပါရှိပြီး စကြော - စုံ ရှေးလာရှိခဲ့ဖူးသော မြန်မာတိုင်းရင်းသား လူမျိုးတစ်မျိုးဟူ၍ တက္ကသိုလ် မြန်မာအဘိဓာန်တွင် ပါရှိရာ စကြောဟူသည် စကာကရင်ဟု မှတ်ယူမည်ဆိုလျှင် ယင်းတို့သည် ဧရာဝတီမြစ်အနောက်ဘက် မင်းဘူးနယ် စကု၊ စပင်စရ၊ လယ်ကိုင်း၊ စလင်း စသော မြောက်ခရိုင်တို့တွင် အေဒီရှစ်ရာစုခန့်ကပင် ဝင်ရောက်နေထိုင်ခဲ့ကြပြီး ဆည်မြောင်းနှင့် လယ်ယာစိုက်ပျိုးသူများဟု ယူဆနိုင်ပေသည်။

ထို့ကြောင့် ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံအောက်ပိုင်းအတွင်းသို့ သရေခေတ္တရာ မပျက် မီ အချိန်ခန့်ကပင် တရွေ့ရွေ့ ဝင်ရောက်နေထိုင်ကြသူများဖြစ်ပြီး မြန်မာများထက် စောစွာ မြန်မာ နိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြသူများ ဖြစ်သည်ဟုလည်း အဆိုရှိသည်။

ကရင်လူမျိုးများကို ရခိုင်တိုင်း မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းဒေသများတွင် တွေ့ရှိ ရန် ခက်ခဲပြီး မြန်မာနိုင်ငံအောက်ပိုင်း ရမည်းသင်းခရိုင်နှင့် ပြည်ခရိုင်တောင်ပိုင်းမှစ၍ ရေး၊ ထား ဝယ်၊ မြိတ်နှင့် ဝိတိုရိယအငူတိုင်အောင် ပျံ့နှံ့နေထိုင်ကြသည်ကို တွေ့မြင်နိုင်ပေသည်။ တိုင်းရင်းသား ကရင်လူမျိုးများအနက် ရှိုး(ပိုး)ကရင် လူမျိုးကွဲများတွင် ပါဝင်သော ပအို့ဝ်(တောင်သူ) တို့သည် တောင်ဘက်သထုံ၊ ပဲခူး၊ တောင်ငူမှ မြောက်ဘက် ရှမ်းပြည်နယ်၊ နမ္မတူးအထိ မြန်မာနိုင်ငံအတွင်း တောင်နှင့်မြောက်တန်းလျက် နေထိုင်ကြသည်။ တောင်ကြီးလွိုင်လင် ကားလမ်း ဝဲယာတွင် ပိုမိုတွေ့ရှိနိုင်သည်။

## မျိုးကွဲနှင့် စကားအုပ်စုများ

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ကရင်လူမျိုးများနေထိုင်ရာ ဒေသအလိုက် တောင်ပိုင်း ကရင်နှင့် မြောက်ပိုင်းကရင်ဟူ၍ အခြေခံအားဖြင့် ၂ မျိုး ခွဲခြားနိုင်၏။ တောင်ငူ-မော်ချီး ကားလမ်း တောင်ဘက်ရှိ ကရင်များကို တောင်ပိုင်းကရင်များဟု သတ်မှတ်၍ တောင်ငူ-မော်ချီး ကားလမ်း၏ မြောက်ဘက်ရှိ ကရင်များကို မြောက်ပိုင်းကရင်များဟု သတ်မှတ်နိုင်၏။

တောင်ပိုင်းကရင်များတွင်လည်း အရှေ့ကရင်နှင့် အနောက်ကရင်များဟု ထပ်မံခွဲခြားနိုင်၏။

အရှေ့ကရင်များတွင် စစ်တောင်းမြစ်အရှေ့ဘက်ရှိ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်၊ ဖာပွန် မြို့နယ်၊ သထုံခရိုင်၊ မော်လမြိုင်ခရိုင်၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ တောင်ငူခရိုင်၊ ရွှေကျင်၊ ကျောက် ကြီးထန်း တစ်ပင်တို့တွင် နေထိုင်ကြသော ကရင်လူမျိုးများပါဝင်၏။

အနောက်ကရင်များတွင် စစ်တောင်းမြစ် အနောက်ဘက်ရှိ မြစ်ဝကျွန်းပေါ် ကရင်များအားလုံး ပါဝင်ကြလေသည်။

၁၉၃၁ ခုနှစ်နှင့် ၁၉၂၁ ခုနှစ် သန်းခေါင်စာရင်းများအရ ကရင်လူမျိုးများကို စကော၊ ပိုး၊ ဘွဲ ဟူ၍လည်းကောင်း ဘာသာဗေဒနည်းကို အခြေခံ၍ စကော၊ ပိုး၊ ဘွဲ၊ ပဒေါင်၊ ကရင်နီ၊ ဇယိမ်း ဟူ၍လည်းကောင်း ဖော်ပြခဲ့လေသည်။ နောင်တွင် ကရင်နီကို ၁၉၅၁ ခုနှစ် နိုင်ငံတော် သမ္မတ၏ စုံစမ်းရေးကော်မရှင်အစီရင်ခံစာအရ ကရင်နီကို ကယားဟု ပြောင်းလဲခေါ်တွင်ခဲ့၏။

ကယားလူမျိုးအုပ်စုတွင် ကယား၊ ကယမ်း၊ ပရဲ၊ ကေခို၊ ကေဘား၊ ယင်းဘော်၊ ယင်းတလဲ၊ မနူမနော တို့ ပါဝင်လေသည်။



ကရင်အမျိုးသားနှင့် ကရင်အမျိုးသမီး







ဘဲဂရက်သို့ သွားသည့် ရန်ကုန် - ပုသိမ် ကားလမ်းမကြီးပေါ်မှ ကန်ကြီးဒေါင့်လမ်းခွဲ
ပုသိမ်နှင့် ၁၅မိုင် ၄ ဖာလုံဝေးကွာသည်။

## အကျဉ်းချုပ်

အကျဉ်းချုပ်အားဖြင့် ကရင်ဟူသော ဝေါဟာရသည် စဝ့ော်(စကော)၊ ရှိူ(ပိုး) ဘွဲ အမျိုးသား တို့ကို ခေါ်သောအမည်ဖြစ်သည်။ စဝ့ော်(စကော)ကရင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ ပွာကညော ဟုလည်းကောင်း၊ ရှိူ(ပိုး)ကရင် အမျိုးသားတို့သည် မိမိတို့ကိုယ်ကိုမိမိတို့ ဖလုံဟူ၍လည်းကောင်း အသီးသီးခေါ်ဆိုကြသည်။ ကရင်လူမျိုးတို့သည် တိဗက် မြန်မာစကား အုပ်စုဝင်ဖြစ်ပြီး မြန်မာနိုင်ငံတွင်းသို့ အေဒီ ခုနစ်ရာစု သို့မဟုတ် ရှစ်ရာစုအတွင်းက တောင်ငူအရှေ့ဘက်မှ တစိမ့်စိမ့်ဝင်ရောက်လာသူများ ဖြစ်ကြသည်။ အနောက်ဘက်တွင် တောင်ငူရွှေကျင်လမ်းကြောင်းအတိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ဧရာဝတီမြစ်အနောက်ဘက် မင်းဘူးနှင့် ပြည်မြို့အနောက်ဘက် ရွှေဘုံ သာဘုရားအနီး စကြပ်ကျွန်းတွင် နေထိုင်ခဲ့ကြသည်။ တောင်ဘက်တွင် ဖာပွန်မြစ်ကြောင်းအတိုင်း မုတ္တမပင်လယ်ကွေ့နှင့် တနင်္သာရီကမ်းမြောင်ဒေသတစ်လျှောက်တွင် ပျံ့နှံ့နေထိုင်ကြသည်။

ကရင်လူမျိုးများကို ၁၉၂၁ ခုနှစ် သန်းခေါင်စာရင်းအရ စဝ့ော်(စကော)၊ ရှိူ(ပိုး) ဘွဲ၊ ပဒေါင်၊ ကရင်နီ၊ ဇယိမ်းဟူ၍ မျိုးကွဲအုပ်စုခြောက်ခု ခွဲခြားဖော်ပြနိုင်သည်။ ထို့ပြင် နေထိုင်ရာဒေသလိုက်၍ တောင်ပိုင်းကရင်နှင့် မြောက်ပိုင်းကရင်ဟူ၍ ခွဲခြားဖော်ပြနိုင်ပါသည်။ ဘွဲသည် မြောက်ပိုင်းကရင်များဖြစ်ကြပြီး ရှိူ(ပိုး)နှင့် စဝ့ော်(စကော)တို့သည် တောင်ပိုင်းကရင်များ ဖြစ်ကြသည်။ တောင်ပိုင်းကရင်တို့သည် ထပ်မံ၍ အရှေ့အနောက် ခွဲခြားဖော်ပြနိုင်သေးသည့် စစ်တောင်းမြစ်အရှေ့ဘက်ရှိ ကရင်တို့ကို အရှေ့ကရင်ဟုခေါ်ပြီး စစ်

တောင်းမြစ်အနောက်ဘက်ရှိ ကရင်တို့ကို အနောက်ကရင် ဟု ခေါ်နိုင်သည်။

ဒေသအလိုက်၊ အုပ်စုအလိုက် ပြောဆိုသော ဘာသာစကားများသည် အသံအနိမ့်အမြင့်၊ အလေးအပေါ့၊ အတက်အကျ၊ အဆွဲအငင်၊ ဝဲသံ၊ ဩသံ၊ နှာခေါင်းသံ၊ အာခေါက်သံ၊ အာခေါင်သံ၊ လည်ချောင်းသံများ ပါကြသော်လည်း အရင်းဇစ်မြစ်ချင်း အတူတူပင်ဖြစ်သည်။ တောင်ပိုင်းနှင့် မြောက်ပိုင်းကရင်တို့၏ ဘာသာစကားတွင်မူ အတော်အတန် ကွာခြားမှု ရှိပါသည်။ အရှေ့ ရှိူ(ပိုး) ကရင်တို့၏ ဘာသာစကားတွင် မွန်ဝေါဟာရ အများအပြား ကောက်ယူမွေးစားထားသည်ကို တွေ့ရ ပြီး စကားပြောရာတွင်လည်း ဩသံ၊ အာခေါင်သံပါသည်။ အရှေ့ ရှိူ(ပိုး)ကရင်တို့၏ နေ့အခေါ်အဝေါ် များဖြစ်သော အတောက်၊ အစွန်၊ အညား၊ ဗုဒ္ဓဟူး၊ ပရောပ၊ တိုက်၊ အသောက်၊ သိုက်သော စသည် တို့နှင့် ရေကြောင်းခရီးနှင့် စပ်ဆိုင်သော ဆိပ်ကမ်းစသည်များမှာ မွန်ဝေါဟာရမှ ကောက်ယူမွေးစားထားခြင်းဖြစ်လေသည်။ လက်သမားကိရိယာတန်ဆာပလာများ၊ နွားလှည်း၏ အစိတ်အပိုင်းများ၊ စာရေးကိရိယာများကို ခေါ်ဝေါ်ရာတွင် မြန်မာဝေါဟာရများကို ကောက်ယူမွေးစားထားသည့် အရှေ့ ရှိူ(ပိုး)ကရင်များ၏ ဘာသာစကားနှင့် စာပေတွင် မွန်ခေတ်ကောင်းစားစဉ်က မွန်စကား မွန်စာ လွှမ်းမိုးပြီး မြန်မာခေတ်ကောင်းစားစဉ်တွင် မြန်မာစကား မြန်မာစာလွှမ်းမိုးသည်ကို တွေ့ရသည်။ စဗော်(စကော)ကရင်၏ ဘာသာစကားတွင် ဩသံ၊ နှာခေါင်းသံ၊ အာခေါင်သံများ မပါချေ။ ကရင် ဘာသာစကားအသံထွက်သည် မြန်မာစကားထက် အသံစုံသည်။ မြန်မာတို့တွင် တ နှင့် ဒ၊ ပ နှင့် ဘ သာရှိပြီး ကရင်တို့တွင် တ နှင့် ဒ အကြား ကြားသံတစ်ခု၊ ပ နှင့် ဘ အကြား ကြားသံတစ်ခု ရှိသေးသည်။ မြန်မာတို့တွင် ယင်းအသံများကို အသံမထွက်

တတ်ပေ။ ထို့အပြင် အရှေ့ ရှိ(ပိုး)ကရင် တို့၏ ဟ ၊ ဃ ၊ ငှ ၊ ဝှ အသံထွက်များသည်လည်း မြန်မာတွင် မရှိပေ။ ဝါကျဖွဲ့စည်းရာတွင်လည်း ကတ္တား၊ ကြိယာ၊ ကံ အစီအစဉ်အတိုင်း ဖွဲ့စည်းသည်။

ကရင်လူမျိုးတို့တွင် မူလအစနှင့် မျိုးနွယ်ဆက်သွယ်ပုံကို သုတေသနပြုလုပ်ရာတွင် သုတေသီများသည် ယင်းတို့၏ စိတ်ဆန္ဒဆွဲဆောင်ရာသို့ လိုက်ပါ၍ မိမိတို့သန်ရာသန်ရာကို အမျိုးမျိုး ယူဆဖော်ပြခဲ့သော်လည်း နောက်ဆုံးသုတေသနပြုချက်အရဆိုလျှင် ကရင်လူမျိုးများသည် တိဗက် မြန်မာနွယ်ဝင် ဖြစ်ကြောင်း အထောက်အထားများကို တွေ့ရှိလာပြီဖြစ်ပါသည်။

## လုပ်ကိုင်နေထိုင် စားသောက်မှု

ကျွန်တော်သည် ကရင်အမျိုးသမီးနှင့် အိမ်ထောင်ကျထားသူဖြစ်၏။ စစ်သားဘဝ အနှစ် ၃၀ တွင် ကရင်ပြည်နယ်၌ ၁၅ နှစ် တာဝန်ထမ်းဆောင်လာခဲ့သူဖြစ်သည်။

ထို့ကြောင့် ကရင်လူမျိုးတို့၏ လုပ်ကိုင်နေထိုင် စားသောက်မှုတို့ကို အတော်များများသိထားသူဟု ဆိုပါက လွန်အံ့မထင်ပါ။

ကရင်တိုင်းရင်းသားတို့မှာ အခြေခံအားဖြင့် အလွန်ရိုးသားသူများဖြစ်ကြ၏။ ထွေလီကာလီလည်း ဘာမှမလုပ်တတ်၊ မပြောတတ်ကြပါ။ အများအားဖြင့် တောတွေ၊ တောင်တွေထဲ နေကြသူ များဖြစ်ကြ၍ တောင်ယာခုတ်ခြင်း၊ လယ်လုပ်ခြင်းကိုသာ အဓိက အားထားလုပ်ကိုင်စားသောက်သူများ ဖြစ်ကြပါသည်။

ကရင်လူမျိုးများကို ကရင်ပြည်နယ်မြောက်ဖျား၊ ရှမ်း၊ ကယားနယ်စပ်တွင်လည်း တွေ့ခဲ့ဖူး၏။ ပဲခူးရိုးမကြီး အနှံ့အပြားတွင်လည်း

တွေ့ခဲ့ဖူး၏။ မြစ်ဝကျွန်းပေါ်တစ်ခွင်တွင်လည်း တွေ့ခဲ့ဖူး၏။ စစ်တောင်းမြစ်ဝှမ်းတွင်လည်း တွေ့ခဲ့ဖူး၏။ မွန်ပြည်နယ်တွင်လည်း တွေ့ခဲ့ဖူး၏။ တောင်ဘက် ရေး၊ ထားဝယ်တွင်လည်း တွေ့ခဲ့ဖူး၏။ အားလုံးလိုလိုမှာ စိုက်ပျိုးရေးဖြင့်သာ အသက်မွေးကြ၏။ တောင်ပေါ်နေသူက တောင်ယာခုတ်သည်။ ကွင်းမှာနေသူက လယ်လုပ်သည်။ ကွမ်းခြံ၊ အုန်းခြံ၊ ဒူးရင်းခြံလို ခြံများစိုက်သည်။ မြစ်ဝကျွန်းပေါ်လိုဒေသ၌ အနည်းအကျဉ်းရေလုပ်ငန်းနှင့် အသက်မွေးသူများ ရှိပါသည်။ ရိုးမနှင့်နီးသည့် ဒေသများတွင်ကား သစ်လုပ်ငန်း၊ ဆင်လုပ်ငန်းလုပ်သူများ အနည်း အကျဉ်း ရှိပါသည်။ စာရေးသူ၏ ယောက္ခမကြီး ဦးစောနားမူးကား သစ်သင်းသတ်ခြင်း၊ သစ်ထုတ် ခြင်း၊ သစ်ခုတ်ခြင်း၊ ဆင်ဖမ်းခြင်းများဖြင့် အသက်မွေးသူဖြစ်ပါသည်။ လွန်ခဲ့သည့် အနှစ်လေးငါးဆယ်က တောင်ငူမြို့တွင် သစ်ခေါင်းကြီး ဦးစောနားမူးဆိုက မသိသူမရှိပါပေ။

ဤသည်မှာ ကရင်လူမျိုးတို့၏ အလုပ်အကိုင်ကို ယေဘုယျ ဖော်ပြခြင်းဖြစ်ပါ၏။

## ကိုးကွယ်သည့်ဘာသာများ

ကရင်လူမျိုးတို့သည် မူလဘူတက သဘာဝဓမ္မကို ကိုးကွယ်ခြင်းနှင့် နတ်အမျိုးမျိုးကို ကိုးကွယ်ခြင်း အလေ့အထသာရှိသည်။

သဘာဝတရားတို့သည် ကြီးကျယ်သောတန်ခိုးတော်များကို ပိုင်ဆိုင်ကြကုန်ပြီး တန်ခိုးကြီး နတ်တို့မှီခိုရာဖြစ်သည်ဟု ယုံကြည်ကြသည်။ ယင်းတို့သည် လူတို့၏ ပူဇော်ပသမှုများကို လိုလားနှစ်သက်သည်ဟူ၍လည်း ယုံကြည်ကြသည်။

နတ်များသည် လူတို့၏မျက်မှောက်ဘဝတွင် ကောင်းကျိုးဆိုးကျိုးများကို ပေးစွမ်းနိုင်သည်ဟု အယူရှိကြသည်။ နတ်များတွင် ဆုမွန်

ကောင်းတောင်းယူလျှင် အလိုဆန္ဒ ပြည့်စုံနိုင်သည်ဟု ယုံကြည်စွဲလမ်းကြသည်။

အတ္တဟူသော ဝိညာဉ် အသက်လိပ်ပြာ စသော အန္ဒိယအဘိဓမ္မာဆရာတို့ လက်ခံသော အတ္တအယူဝါဒနှင့် ဆင်ဆင်တူသော အတ္တ၊ လိပ်ပြာကောင် ဝိညာဉ် အယူယုံကြည်ချက်များရှိသည်။

ကရင်လူမျိုးတို့သည် ဗေဒင်၊ ယတြာ၊ ဂါထာ၊ မန္တရား၊ ရေမန်း၊ လက်ဖွဲ့၊ အင်းအိုင်ခါးလှဲ့များကိုလည်း ယုံကြည်ကြသည်။

တစ္ဆေ၊ မှင်စာ၊ ကျတ်၊ ဖုတ်၊ ဘီလူး၊ သရဲ၊ သဘက်များ ရှိသည်ဟူ၍လည်း ယုံကြည်ကြသည်။ လိပ်ပြာခေါ် ကြိုးချည်ခြင်း၊ ခေါစာပစ်ခြင်း၊ ခေါစာကျွေးခြင်းများကိုလည်း ပြုလုပ်ကြသည်။

ကရင်လူမျိုးတို့တွင် ရိုးရာနတ်အမျိုးမျိုးရှိသည်။

ကွယ်လွန်ပြီးသော မိဘများကို ပသခြင်း၊ ကန်တော့ခြင်းကို နတ်စားသည်ဟုခေါ်သည်။ ဒူဝေရိုးရာ၊ ပန်းနတ်ရိုးရာ၊ ဘိုးဘိုးကြီးနတ်ရိုးရာ၊ လိပ်ပြာနတ်ရိုးရာ ဟူ၍ ဖြစ်သည်။

ကရင်လူမျိုးတို့တွင် ဗုဒ္ဓဘာသာကိုးကွယ်သူများကို မြေပြန့်ကရင်များနေသည့် ဒေသများ၌ အများဆုံးတွေ့ရ၏။ မြန်မာနိုင်ငံအောက်ပိုင်းတွင် မွန်လူမျိုးတို့နှင့် ရောထွေးယှက်တင်နေထိုင်လာခဲ့ ကြသော ကရင်လူမျိုးတို့သည် ဗုဒ္ဓဘာသာ အယူဝါဒကို မွန်တို့ထံမှ လက်ခံရရှိခဲ့သည်ဟု ယူဆရ သည်။ ဗုဒ္ဓဘာသာသည် ကရင်လူမျိုးတို့ထံ အေဒီ ၁၀ ရာစုနှစ်လောက်ကစ၍ ရောက်ရှိခဲ့သည်ဟု သမိုင်းသုတေသီတို့က ဆိုကြ၏။ အချို့မှူ ၁၈ ရာစုနှစ်ထက် နောက်မကျဘဲ ကရင်တို့ ဗုဒ္ဓဘာသာ ကိုကိုးကွယ်ခဲ့ကြသည်ဟု ဆိုကြပြန်၏။

ကရင်လူမျိုးတို့တွင် တလကူရသေ့ဗုဒ္ဓဘာသာဂိုဏ်းလည်းရှိသည်။ ဒေါနတောင် အနောက်ခြမ်းတွင် တွေ့ရတတ်၏။

ခရစ်ယာန်ဘာသာကို ၁၈၂၈ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ထားဝယ်မြို့တွင် စဂေါ် (စကော)ကရင် အမျိုးသား ဦးသာဖြူက စတင်လက်ခံ၍ နှစ်ခြင်းမင်္ဂလာခံယူသည်။ အရှေ့ရှိ(ပိုး) ကရင်အချို့သည် လဲကယ်ဘာသာအယူဝါဒများကို လက်ခံယုံကြည်ကိုးကွယ်ကြသည်။ လဲကယ်ဘာသာစကားရေး နည်းပညာနှင့် တရားကျမ်းစာများလည်းရှိသည်။ ဘားအံမြို့နှစ်ခြားရွာတွင် လဲကယ်ဘာသာဝင်တို့၏ ဌာနချုပ်တည်ထောင်ထားရှိသည်။ ခရစ်ယာန်တရားတော်၊ ဗုဒ္ဓဘာသာအယူဝါဒနှင့် ကရင်ရိုးရာ ဓလေ့များကို ပေါင်းစပ်၍ တီထွင်ထားသော ပြဟ္မစိုရ်ဂိုဏ်းရှိသည်။ ခေါင်းဆောင်မှာ စောဂျွန်ဆင်ဒီဖိုးမင်းဖြစ်ပြီး တောင်ငူဘွဲကရင်အချို့ယုံကြည်ကိုးကွယ်ကြသည်။ မော်ဘီတွင် ဌာနချုပ်တည်ထောင်ထားသည်။ ဝီး(ဟွီး)ခေါ်သော အယူဝါဒဂိုဏ်းတစ်ခုလည်းရှိသည်။ ခေါင်းဆောင်မှာ လှိုင်းဘွဲ့နယ်ကမော့လဲရွာမှ ဖအူးဗလယ်ဆိုသူ ဖြစ်သည်။ လှိုင်းဘွဲ့နယ်ကမော့လဲရွာ တွင် ဝီးဘာသာဝင်အချို့ကို တွေ့မြင်နိုင်သည်။

၁၉၄၄ ခုနှစ် ဇွန်လတွင် ပုံနှိပ်ထုတ်ဝေသော ဘားမားပန်းဖလက်အမှတ်(၆) စာမျက်နှာ ၂၀ တွင် မြန်မာနိုင်ငံတော်ပေါ် ဒေသနေသူများခေါင်းစဉ်ဖြင့် စာရေးသူ စတီဗင်ဆင်ဆိုသူက ကရင် လူမျိုးများသည် ဘာသာစုံကိုးကွယ်သည့် အယူဝါဒဘက်သို့ ယိမ်းယိုင်လိုက်ပါလျက်ရှိသည်ဟုဆိုသည်။

မည်သို့ဆိုစေ ကရင်လူမျိုးများသည် ပင်ကိုဉာဏ်ထက်မြက်သူများဖြစ်ကြသည်။ သွားလာမှု ခက်ခဲသော တော၊ တောင်ရှိရာအရပ်များတွင်

အနေများကြသဖြင့် ပြင်ပလောကနှင့် အဆက်အသွယ်နည်းပါးရသည်။ အဆက်အသွယ် မကောင်းသဖြင့် စီးပွားရေး၊ လူမှုရေးနိမ့်ကျခဲ့ရသည်။ သဘာဝအင်အားစုများ၏ ဖိစီးမှုအောက်မှ မလွတ်မြောက်နိုင်သေးသဖြင့် ကြောက်ရွံ့ထိတ်လန့် တတ်သော စိတ်နေစိတ်ထားရှိသည်။ ထို့ကြောင့် အားကိုးအားထားကို ရှာဖွေလိုသည်။ အလွန်ရိုးသားသူများ ဖြစ်ကြသည့်အတိုင်း အပြောကောင်းလျှင် အလွယ်တကူ ယုံကြည်တတ်သည်။

## ကရင်လူမျိုးများနှင့် ခရစ်ယာန်ဘာသာကိုးကွယ်မှု

ကရင်သောင်းကျန်းမှု စတင်ဖြစ်ပေါ်လာစေရန် အားပေးအားမြှောက် ပြုခဲ့ကြသူများမှာ အဓိကအားဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ ဖြစ်ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို စတင် သိမ်းပိုက်အုပ်ချုပ်စဉ်ကပင် ကရင်-မြန်မာ သွေးကွဲစေရန် သွေးခွဲခဲ့ကြသည်။ ဤကိစ္စကြီး၌ အမေရိကန်နှင့် အင်္ဂလိပ်ခရစ်ယာသာသနာပြုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ခဲ့ကြသည်။

နယ်ချဲ့တို့သည် ဥရောပတိုက်သား ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ သူတို့နောက်သို့ နောင်အခါတွင် အမေရိကန်များ ပါဝင်လာကြသည်။

နယ်ချဲ့တို့သည် M သုံးလုံးပေါ်လစီကို ကျင့်သုံးကာ ရိုးသားသော တိုင်းရင်းသားများကို စည်းရုံးခဲ့လေသည်။

M သုံးလုံး ပေါ်လစီဆိုသည်မှာ -

(က) Mission သာသနာပြုအဖွဲ့အစည်းများ

( ခ) Merchant ကုန်သည်များ

( ဂ) Military စစ်တပ် စသည်တို့ဖြစ်သည်။

ပထမဦးစွာ Mission သာသနာပြုအဖွဲ့အစည်းများကို စတင်စေလွှတ်သည်။ Mission များက တိုင်းရင်းသားများကို ခရစ်ယာန်ဘာသာဝင်ဖြစ်အောင် စည်းရုံးသိမ်းသွင်းကြ၏။ ခရစ်ယာန် သာသနာပြုများကလည်း အလွန်တော်ကြပါသည်။ တိုင်းရင်းသားများကို ဆေးကုပေးသည်။ စာသင်ပေးသည်။ ကျောင်းများ၊ ဆေးရုံများ ဖွင့်လှစ်ကာ လူငယ်လေးများကို စည်းရုံးသိမ်းသွင်းကြသည်။ ပေးကမ်းထောက်ပံ့သည်။ ထိုသို့ပေးနိုင်အောင်လည်း သူတို့ဘာသာရေးဂိုဏ်းကြီးများနှင့် သူတို့အစိုးရများ NGO များက ငွေကြေးအကူအညီများ ပေးကြသည်။ သူတို့ခရစ်ယာန်ဘာသာ ဝင်များအတွက် အစစအရာရာ ကူညီသည်။ ဘုရားဝတ်ပြုရန် ခမ်းနားသော ဘုရားရှိခိုးကျောင်းကြီးများကိုလည်း တည်ဆောက်ပေးကြသည်။ တိုင်းရင်းသားများက သူတို့ကို အထင်ကြီးလာကြသည်။ လေးစားလာကြသည်။ ဤသို့အားဖြင့် မြန်မာနိုင်ငံတွင် ခရစ်ယာန် ကိုးကွယ်သူများ တဖြည်းဖြည်း များပြားပေါ်ပေါက်လာခဲ့လေသည်။

မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာများမှာ -

(က) Baptist ခေါ် ပရိုတက်စတင်းခရစ်ယာန်ဘာသာ

( ခ) Roman Catholic ခေါ် ကက်သလစ်ခရစ်ယာန်ဘာသာ

( ဂ) Englican ခေါ် အင်္ဂလီကန်ခရစ်ယာန်ဘာသာ

Church of England ဟုလည်း ခေါ်ပါသည်။

(ဃ) SDA ခေါ် Saturday Advantist ခေါ် စနေသင်းတို့ ဖြစ်ကြ၏။

ကျွန်တော် ၁၉၆၈ ခုနှစ်က အိမ်ထောင်ကျတော့ ကျွန်တော့်ဇနီးမှာ

Baptist ခရစ်ယာန် ဘာသာဝင် ဖြစ်ပါသည်။ သူတို့ညီအစ်ကိုမောင်နှမ ကိုးဦးရှိရာ အားလုံးခရစ်ယာန်များ ဖြစ်ကြ၏။ ဇနီးသည်၏ ဖခင် ဗိုလ်မှူးကြီး စောနားမူးမှာ Baptist ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး မိခင် ဒေါ်ဒွေးမှာ SDA စနေသင်း ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြ၏။

ထူးဆန်းသည်မှာ မိခင်ဘက်နှင့် ဖခင်ဘက်က အဘိုး၊ အဘွား၊ ဘကြီး၊ ဦးကြီးများမှာ အားလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်နေကြခြင်းပင် တည်း။

သူတို့ ဘာကြောင့် ခရစ်ယာန်ဘာသာဝင်အဖြစ် ပြောင်းလဲခဲ့ကြပါ သလဲ။

ဖခင်ကြီးက ငယ်စဉ်က အိမ်ကထွက်ပြီး ဖာပွန်စာလာသင်တော့ ခရစ်ယာန်ကျောင်းများတွင် စာသင်ရ၏။ စာသင်ရင်း ခရစ်ယာန်ဘဝ ကျရောက်ခဲ့၏။ အလားတူပင် မိခင်ကြီးလည်း ကမမောင်းအုန်းတော တွင် စာလာသင်ရာ SDA စနေသင်းကျောင်းတွင် စာသင်ရသဖြင့် SDA ဘာသာဝင် ဖြစ်ခဲ့၏။ ထိုကျောင်းများက စာသင်ပေးခဲ့သဖြင့် သူတို့ ခေတ် ပညာတတ်များ ဖြစ်ခဲ့ရပြီး အစိုးရအလုပ်အကိုင်တွေ ရခဲ့သည်။ ကျွန်တော့် ယောက္ခမ အဘိုးကြီးမှာ British Army သို့ ဝင်ရောက်သွားခဲ့ ရာ နောင်အခါ မြန်မာ့တပ်မတော် ပြန်လည်ဖွဲ့စည်းသည့် ၁၉၄၇ ခုနှစ် မြန်မာ့ တပ်မတော်၏ အမှတ်(၁) ကရင်သေနတ်ကိုင်တပ်ရင်းတွင် Captain ဗိုလ်ကြီးအဆင့်ကို ရရှိခဲ့လေသည်။ အလားတူပင် ယောက္ခမ အမကြီးမှာလည်း SDA ကျောင်းမှ ၁၀ တန်းအောင်ပြီး ရန်ကုန်ဆေးရုံ ကြီး၌ သူနာပြုသင်တန်း တက်ရောက်ခဲ့၍ နောင်အခါ၌ အထက်တန်း သူနာပြုဆရာမကြီး အဖြစ်သို့ ရောက်ရှိခဲ့၏။ ဗုဒ္ဓဘာသာဝင်များဆိုပါက အင်္ဂလိပ်အစိုးရလက်အောက်တွင် ဤကဲ့သို့ ရာထူးများ ရဖွယ်မထင်ပါ၊

မမြင်ပါ။

ဇနီးသည်နဲ့ ကိစ္စလေးကို နည်းနည်းဆက်ပြောချင်ပါသေးသည်။

ဇနီးသည်က ခရစ်ယာန်မို့ ရခါစက ကျွန်တော့်မှာ တနင်္ဂနွေနေ့တိုင်း ဘောင်းဘီရှည်တကား ကားဖြင့် သူမနှင့်အတူလိုက်ပါပြီး ခရစ်ယာန်ချာ့ချ်ကျောင်း တက်ခဲ့ရပါသည်။ ရောယောင်ပေါကြောင် ဖြင့် သူတို့ဆိုသည့် Quoir ဓမ္မတေးသံများ လိုက်ဆိုရပါသည်။ အံမယ် သူတို့ဓမ္မတေးသံများ ကလည်း သီချင်းလိုလို ဘာလိုလိုနဲ့ နားထောင်လို့ အကောင်းသားလား ဗျာ။ ကလေး ၂ ယောက်ရပြီး ဖာပွန်မှ မော်လမြိုင် ကျောက်တစ်လုံး ပြောင်းရတော့ မိန်းမက ဗုဒ္ဓဘာသာဘုန်းကြီးများ အိမ်လာ ဆွမ်းခံသည့် အခါ ဆွမ်းစလောင်းပါတော့သည်။ ဘုန်းကြီးတွေက ဆုပေးတော့ မိန်းမ က ကျေနပ်နေ၏။ နောက်တော့ သီလတွေ ဘာတွေပါ ယူလာသည်။ ထို စဉ်က ကျွန်တော်သည် ဘာသာရေး လေးနက်သူ မဟုတ်ပါ။ သူမက ဘယ်ဘာသာကိုးကွယ် ကိုးကွယ် သိပ်စိတ်မဝင်စားပါ။ အိမ်မှာ လည်း သိပ်နေရသည်မဟုတ်။ ပြည်ပြေးတွေ ထကြွနေလို့ အမြဲတမ်း ရှေ့တန်း သို့သာ သွားနေရ ပါသည်။ မော်လမြိုင် ကျောက်တစ်လုံးမှာ လေးနှစ် ကြာပြီး ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်သို့ ပြောင်းရတော့၏။ မိုင်း ရယ် ခလရ(၆၇)တပ်က တပ်ရင်းမှူးကတော်ကြီးမှာ ဗုဒ္ဓဘာသာဝင်ဖြစ် ပြီး ဘုရားတရား အထူးရိုသေကိုင်းရှိုင်းသူဖြစ်၏။ ကျွန်တော့်ဇနီးသည် ကိုလည်း အလွန်ချစ်ခင်ရှာသည်။ ထို့ကြောင့် သူ့အိမ်ကို မကြာခဏ ခေါ်သည်။ ဘုရားရှိခိုးတွေ သင်ပေးသည်။ ပရိတ်ကြီး ၁၁ သုတ် သင်ပေး သည်။ ဓမ္မစကြာတွေ ရွတ်ခိုင်းသည်။ ဒါတွေတတ်သွားတော့ ...

“ကဲ ... အခု တပ်က ဗုဒ္ဓဘာသာအသင်းမှာ နင်အတွင်းရေးမှူးလုပ် တော့”

ဟု ရာထူးတွေပေးတော့၏။ ဤနည်းဖြင့် ကျွန်တော့်ဇနီးသည် နော်မူးမူးတစ်ယောက် ခရစ်ယာန်ဘာဝမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းရောက်ရှိသွားတော့၏။

မိုင်းရယ်မှ ဗထူးပြောင်းရသည်။ ဗထူးတိုက်ခိုက်ရေးကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးဝင်းဆွေ တို့ ဇနီးမောင်နှံကလည်း တကယ့်ဗုဒ္ဓဘာသာဝင်များ ဘုရားသမား၊ တရားသမားများ။ ထို့ကြောင့် ဇနီးသည်အတွက် အဆင်ပြေသွား၏။ ထို့နောက် ပြောင်းလေရာ တပ်အသီးသီးတွင် ဇနီးသည်သည် ဗုဒ္ဓဘာသာအသင်းများတွင် အတွင်းရေးမှူးရာထူးကိုပင်တိုင်ရရှိလေတော့သည်။ အသက်နည်းနည်းရလာချိန်တွင်မူ အဘိဓမ္မာသင်တန်းများတက်ပြီး ဇနီးသည်သည် တကယ့်ဗုဒ္ဓဘာသာဝင်စစ်စစ်ကြီး ဖြစ်သွား၏။ တရားစခန်းတွေ ဘာတွေပါ မကြာခဏဝင်သည်။

ဤသည်မှာ ကျွန်တော့်ဇနီးသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခြင်းအကြောင်းပင်ဖြစ်ပါ၏။

သို့ရာတွင် ကျန်ခရစ်ယာန်ဘာသာဝင် ကရင်လူမျိုးများမှာကား ကျွန်တော့်ဇနီးလို ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သည်အား ကျွန်တော်မတွေ့မိခဲ့ပါ။ သူတို့ညီအစ်ကို မောင်နှမကိုးယောက်တွင် သူနှင့်သူ့ညီမ တစ်ဦးသာ ဗုဒ္ဓဘာသာသို့ကူးပြောင်းခဲ့ပြီး ကျန်အားလုံးမှာ ယခုအချိန်ထိ Baptist ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်ခင်ဗျား။

ခရစ်ယာန်ဘာသာကလည်း တောကြိုအုံကြား အနှံ့အပြား၌ အခြေစိုက်၍ သာသနာပြုနေကြ၏။ ဖာပွန်တွင် ကျွန်တော်နေခဲ့စဉ်က ဖာပွန်မြို့အထွက်၌ အသက် ၇၀ ကျော် ၈၀ အရွယ် ဖာသာကယ်လ်မွန်ခေါ် ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးရှိပြီး ကက်သလစ်

ဘုန်းကြီးကျောင်း တစ်ကျောင်းဆောက်ကာ မိဘမဲ့လူငယ်လေး လေးငါးဆယ်နှင့် အတူနေ၏။ သူသည် ပြင်သစ်လူမျိုးဖြစ်၏။ သို့ရာတွင် သူသည် တောကြိုအုံကြား၌ တိုင်းရင်းသားများနှင့် အေးအတူပူအမျှ နေထိုင်ခဲ့၏ ကလေးတွေကို စာသင်ပေးသည်။ ဆေးကုပေးသည်။ အရွယ်ရောက်လာအောင် ပြုစုပေးသည်။

အလားတူပင် ၁၉၉၀ ခုနှစ်က ကျွန်တော် ကယားပြည်နယ်ဒေသတွင် စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရတော့ လွိုင်ကော်အနောက်ခြမ်း ပီကင်းလွယ်ရိမ်းရွာကြီးများ၌ ကက်သလစ်ခရစ်ယာန် ကျောင်းကြီးတစ်ကျောင်းရှိ၏။ ဘုန်းတော်ကြီးမှာ အီတလီလူမျိုးဖြစ်ပြီး သူလည်း အသက် ၇၀ ကျော်ပါပြီ။ သူ့ကျောင်းကြီး၌ ကယားလူမျိုးကလေးများ လူ ၁၀၀ ကျော်ရှိ၏။ မိဘမဲ့များဟု ဆိုပါသည်။

ခရစ်ယာန်သာသနာပြု အသင်းများသည် ထိုကဲ့သို့ အပင်ပန်းခံကာ တောထဲတောင်ထဲတွင်နေပြီး သာသနာပြုကြသူများဖြစ်၏။ သူတို့သေတော့ ထိုဒေသများမှာပင် သေဆုံးသွားကြလေသည်။ ဒေသခံများ၏ ဘဝကိုလည်း သူတို့တတ်နိုင်သမျှ မြှင့်တင်သွားကြသည်။ စွန့်စား အနစ်နာခံ သွားကြသည်။

သာသနာပြုအသင်း Mission များကို အခြေခံကာ Merchant ခေါ် ကုန်သည်များရောက်လာ၏။ ရောင်းဝယ်ဖောက်ကားကြ၏။ အလကား ပေးနိုင်တာ ပေးကြ၏။ တဖြည်းဖြည်းလူများလာသောအခါ အစောင့်အရှောက် စစ်တပ် Military ပါလာသည်။ ဤသို့ဖြင့် မြန်မာသာမက အာရှတိုက်နိုင်ငံ တော်တော်များများ ခရစ်ယာန်ဘာသာဝင် ဖြစ်သွားကြပြီး နောက်ဆုံးတော့ Military စစ်အင်အားဖြင့် သိမ်းသွင်းခြင်းခံရကာ သူတို့လက်အောက်သို့ ကျရောက်ခဲ့ရလေသည်။ အိန္ဒိယ၊ မြန်မာ၊ ဖိလစ်ပိုင်၊

ဗီယက်နမ် စသည်တို့ဖြစ်၏။

သာသနာပြုများက ဗုဒ္ဓဘာသာဝင် မြန်မာတို့ထက် တိုင်းရင်းသားများကိုသာ ဦးစားပေး စည်းရုံးသိမ်းသွင်းခဲ့ရာ မြန်မာနိုင်ငံ၌ အယူဝါဒ ပီပီပြင်ပြင်မရှိခဲ့သော တောင်ပေါ်တိုင်းရင်းသားများ ခရစ်ယာန်ဘာသာဝင် ဖြစ်သွားကြရာ ကရင်၊ ကချင်၊ ချင်း စသည့်တိုင်းရင်းသားများအများဆုံး ခရစ်ယာန် ဖြစ်သွားကြပါသည်ခင်ဗျား။

*